# စက်မှုဝန်ကြီးဌာန

## စက်မှုသတင်းလွှာ

အတွဲ(၂)၊ အမှတ်(၁)၊ ၂၀၂၃ ခုနှစ် (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

### စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အား သွားရောက်ကြည့်ရှုစစ်ဆေး

" စက္ကူစက်ရုံများပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက်ဆောင်ရွက်ခြင်းဖြစ်သဖြင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြစေလိုကြောင်း "




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စက်ရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၇ ရက်နေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၂ သို့-

" နိုင်ငံတော်တည်ဆောက်ရေးတွင်
သံမဏိသည်မဖြစ်မနေလိုအပ်သည့်ပစ္စည်းဖြစ်ပြီး
ပြည်တွင်းသံမဏိလိုအပ်ချက်များစွာရှိသဖြင့်
သံမဏိထုတ်လုပ်ရေးစီမံကိန်းများအား
အောင်မြင်အောင်
အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း "

ကျောဖုံးသို့-



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ
အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) အလုပ်ရုံတစ်ခုအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း
ရုရှားဖက်ဒရေးရှင်းနိုင်ငံ SMM ကုမ္ပဏီမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ စာမျက်နှာ ၇ သို့-


စက်မှုဝန်ကြီးဌာနမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်။

စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊
ဇေယျာသီရိလမ်း၊ နေပြည်တော်။
ဖုန်း- ၀၆၇-၃၄၀၅၀၄၂

***မျက်နှာဖုံးမှ -***

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့်သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့မှ ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့်သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့၏ နောက်ခံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာအချက်အလက်များ၊ စတင်လည်ပတ်ချိန်မှ ရပ်နားခံရသည်အထိ စက္ကူပျော့ဖတ်၊ စက္ကူနှင့် သတင်းစာစက္ကူ ထုတ်လုပ်နိုင်ခဲ့မှုသွင်းအားစုနှင့်ထုတ်ကုန်အမျိုးအစားများ၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်ခဲ့မှုများ၊ ဝန်ထမ်းများတာဝန်ထမ်းဆောင်နေမှု၊ စက်မှုကုန်ကြမ်း သစ်စိုက်ခင်းများဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းလစာပေးချေနေရမှုနှင့် ပင်စင်လစာပေးချေထားရှိမှု၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးက မအူပင်ဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့ထွက်ရှိနေမှု၊ မအူပင်ရေနံမြေနှင့် ညောင်တုန်းရေနံမြေတို့မှ သဘာဝဓာတ်ငွေ့ထွက်ရှိမှုနှင့် သက်ဆိုင်ရာစက်ရုံများသို့ ဖြန့်ခွဲပေးပို့လျက်ရှိမှု၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အား လည်ပတ်နိုင်ရေးအတွက် ဓာတ်ငွေ့လိုအပ်ချက်နှင့်ဓာတ်ငွေ့ပိုက်လိုင်းများကို စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောက အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့အား စက်ကိရိယာများပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများပြုလုပ်နိုင်ရေး စက်ရုံနှင့်စိုက်ခင်းများသို့ ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့မှု၊ စွမ်းအင်ရရှိနိုင်မှုနည်းလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ***(ပုံ) စက္ကူသည် တိုင်းပြည်အတွက် လိုအပ်ချက်များစွာရှိနေပြီး နေ့စဉ်အသုံးပြုနေရသည့် ရုံးသုံး၊ ကျောင်းသုံး၊ သတင်းစာ စသည့်စက္ကူလိုအပ်ချက်များစွာကို ပြည်ပမှတင်သွင်းအသုံးပြုနေရကြောင်း၊ စက္ကူစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းအနေဖြင့် ဝါး၊ သစ်တို့ လိုအပ်မည်ဖြစ်ပြီး စက်လည်ပတ်နိုင်ရေးအတွက် စွမ်းအင်လိုအပ်မည်ဖြစ်ကြောင်း၊*** စက်ရုံပြန်လည်ပြုပြင်ပြီးချိန်တွင် ထပ်မံတိုးချဲ့နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် သစ်တောစိုက်ခင်း၊ ဝါးစိုက်ခင်းများကိုလည်း စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ပျော့ဖတ်များကိုထုတ်လုပ်၍ရနိုင်မည်ဖြစ်ပြီး စက္ကူစက်ရုံသို့ဆက်လက်ပို့ဆောင်နိုင်ကြောင်း၊ စက္ကူစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ စက္ကူလိုအပ်ချက်များသည့်အတွက် ပြည်ပမှတင်သွင်းနေရသည့် နိုင်ငံခြားငွေအသုံးပြုမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံများအမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ အောင်မြင်အောင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှထုတ်လုပ်ထားရှိသည့် စက္ကူအမျိုးအစားများ ခင်းကျင်းပြသထားရှိမှုကိုကြည့်ရှုပြီး လိုအပ်သည်များဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံဝန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ပျော့ဖတ်ထုတ်လုပ်ရေးစက်ရုံ၌ (Pulping Plant)၊ တန် ၅၀ စက္ကူစက်ရုံ၊ တန် ၆၀ သတင်းစာစက္ကူစက်ရုံတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။






***စာမျက်နှာ ၃ သို့-***

***စာမျက်နှာ ၂ မှ-***

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) နှင့်သတင်းစာစက္ကူစက်ရုံ (သာပေါင်း) တို့မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူခဲ့ကြောင်းနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ်များကို ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ ***'ခရီးတိုမြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေး၊ အားပေးဆောင်ရွက်သွားရန်'*** လမ်းညွှန်မှုပြုခဲ့သဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇွန် ၂ ရက်နေ့တွင်လည်းကောင်း၊ လုပ်ငန်းကော်မတီ (၅) ရပ်ကို ၂၀၂၂ ခုနှစ် ဇွန် ၇ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌စိတ်ပါဝင်စားသည့်ကုမ္ပဏီ ၂၆ ခုမှဦးဆောင်ကော်မတီသို့ လာရောက်တွေ့ဆုံပြီး ဆောင်ရွက်မည့်အစီအမံအသေးစိတ်များကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် စိစစ်ခွင့်ပြုပေးလျက်ရှိရာ Chin Dwin Shan Construction Co.,Ltd. နှင့် NPK Motors Co.,Ltd. တို့မှ ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံသို့ပထမအကြိမ် လျှပ်စစ်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခဲ့သည်။



ရှေးဦးစွာ အမျိုးသားအဆင့်ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ-၂ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်လုပ်ငန်းကော်မတီ (၅) ရပ်မှဥက္ကဋ္ဌများ၊ တာဝန်ရှိသူများသည် ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ရွာသာကြီး Dry Port တွင် ရောက်ရှိနေသည့် Chin Dwin Shan Construction Co.,Ltd. မှ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ်အစီး ၃၀ နှင့် NPK Motors Co.,Ltd. မှတင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ် ၁၀ စီး စုစုပေါင်း အစီး ၄၀ ကို ***ဝန်ကြီးဌာနများမှကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် လျှပ်စစ်သုံးယာဉ်အတွက် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိနှင့် ခွင့်ပြုထားသည့် လိုင်စင်ပါဖော်ပြချက်များ မှန်ကန်မှုရှိ/မရှိ စစ်ဆေးမှုပြုလုပ်၍ ယာဉ်များထုတ်ယူသည့် လုပ်ငန်းစဉ်ကို ကြည့်ရှုစစ်ဆေးသည်။ (ပုံ)***

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇွန်လတွင် အမျိုးသားအဆင့်ဖွဲ့စည်းခဲ့ပြီး လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊ လျှပ်စစ်သုံးယာဉ် အသုံးပြုမှုအတွက် အခွန်/အခကင်းလွတ်ခွင့်များ၊ အခြားသက်သာခွင့်များ ဖော်ဆောင်ပေးခြင်း၊ လိုအပ်သည့် အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ အများဆုံး Charging Station များ တည်ဆောက်နိုင်ရေးစီမံချက်များ ချမှတ်ခြင်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် အမျိုးသားအဆင့် ဦးဆောင်ကော်မတီသည် ***'လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ'*** ကို ရေးဆွဲပြုစုထားပြီး မကြာမီနိုင်ငံတော်အဆင့် အတည်ပြုထုတ်ပြန်နိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည်။

မူဝါဒ၏မျှော်မှန်းချက်အတိုင်း ပြည်တွင်း၌ လျှပ်စစ်သုံးယာဉ်များတွင်ကျယ်စွာအသုံးပြုနိုင်ရေး ***ကနဦးရှေ့ပြေးစီမံကိန်း (Pilot Project) ကာလကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိသတ်မှတ်ထားပြီး*** လျှပ်စစ်သုံးယာဉ်ကဏ္ဍတွင် ဆောင်ရွက်လိုသည့်ကုမ္ပဏီများမှတင်ပြသည့် အဆိုပြုလွှာများကို စိစစ်၍ လျှပ်စစ်သုံးယာဉ်များ တင်သွင်းအသုံးပြုနိုင်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ အများသုံး Level-3 အဆင့် Charging Station များ တည်ဆောက်နိုင်ရေး၊ After Sale Services လုပ်ငန်းများကို အာမခံစနစ်ဖြင့်ဆောင်ရွက်နိုင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီအနေဖြင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ခွင့်ပြုပေးလျက်ရှိသည်။

ယခုရောက်ရှိလာသောယာဉ်များသည် တရုတ်နိုင်ငံမှထုတ်လုပ်သည့် BYD အမျိုးအစား E2 Model ဖြစ်ပြီး လူစီးနှင့်တက္ကစီ

***စာမျက်နှာ ၅ သို့-***

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအားကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံစက်မှုဇုန်ရှိ SKD စနစ်ဖြင့် မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် Super Seven Star Co;Ltd. သို့ ရောက်ရှိပြီး မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး***(ပုံ)*** သုံးစွဲသူပြည်သူ






များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မော်တော်ယာဉ်များကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်ရန်၊ After Sale Service လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန်၊ စက်ရုံရှိဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း အစီအမံများချမှတ်ဆောင်ရွက်ရန်နှင့်နည်းပညာလွှဲပြောင်းရရှိရေး ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် လှိုင်မြို့နယ်ရှိ Shwe Ka Thar Engineering & Manufacturing Co.,Ltd. မှငှားရမ်းထားသည့် အီလက်ထရောနစ်ပစ္စည်းနှင့်လျှပ်စစ်မော်တာစက်ရုံ (လှိုင်) သို့ရောက်ရှိရာ တာဝန်ရှိသူများမှလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကုမ္ပဏီအနေဖြင့်စာချုပ်ပါစည်းကမ်းများကို တိတိကျကျလိုက်နာဆောင်ရွက်ရန်၊ စက်ရုံအားဆက်လက်ငှားရမ်းမည်ဆိုပါက စာချုပ်သက်တမ်းမကုန်မီ ဆက်လက်ဆောင်ရွက်မည့် Proposal ကို ဝန်ကြီးဌာနသို့တင်ပြဆောင်ရွက်ရန်၊ စက်ရုံမှထုတ်လုပ်သည့် LED နှင့် Inverter များကိုလည်း အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး LED နှင့် Inverter ထုတ်လုပ်နေသည့် နည်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် Wingo Co.,Ltd. မှငှားရမ်းဆောင်ရွက်လျက်ရှိသည့် ရွှေဟသ်ာလမ်းရှိ ရာဘာပစ္စည်းစက်ရုံခွဲသို့ရောက်ရှိရာ တာဝန်ရှိသူများမှ စက်ရုံဆိုင်ရာအချက်အလက်များ၊ လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြရာ စက်ရုံအားသက်တမ်းတိုးငှားရမ်းမည်ဆိုပါက ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်သည့် Proposal ကိုအမြန်ဆုံးတင်ပြရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် စက်ရုံသို့ သွယ်တန်းထားရှိသည့် Gas ပိုက်လိုင်းအား ပြန်လည်စစ်ဆေးပြုပြင်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး အမြန်ဆုံးတင်ပြရန်၊ Gas Pipe Lin Layout Plan, Piping Diagram တင်ပြရန်၊ စက်ရုံမီးဘေးအန္တရာယ် မဖြစ်ပွားစေရေး အလေးထားဆောင်ရွက်ရန်၊ စက်ရုံလုံခြုံရေး၊ သန့်ရှင်းရေးတို့ကို စနစ်တကျဆောင်ရွက်သွားရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ် ***သဘာဝဓာတ်ငွေ့ အနည်းဆုံးအသုံးပြုခဲ့မှုနှင့် အများဆုံးအသုံးပြုခဲ့သည့် ပမာဏတို့ကို တွက်ချက်တင်ပြရန်*** လမ်းညွှန်မှာကြားပြီးစက်ရုံအတွင်း၌ ပလတ်စတစ်ပုလင်းအဖုံးများ၊ ပုလင်းများ၊ ဘူးများ ထုတ်လုပ်နေသည့်အခြေအနေ၊ ရေသန့်ရေခဲ၊ သောက်ရေသန့်၊ Closer နှင့် Preform (Tube) များ ထုတ်လုပ်နေသည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ Wa Minn Corporation Co.,Ltd. သို့ ငှားရမ်းထားသည့် ကြွေရည်စိမ်ပစ္စည်းစက်ရုံ (မရမ်းကုန်း) သို့ရောက်ရှိရာ တာဝန်ရှိသူများမှလုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြမှုအပေါ် ကုမ္ပဏီအနေဖြင့် ဆက်လက်ဆောင်ရွက်လိုသည့် စက်ရုံ၊ လုပ်ငန်းအစီအမံများအား ဝန်ကြီးဌာနသို့တင်ပြဆောင်ရွက်သွားရန်၊ LED နှင့် Solar ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မည်ဆိုပါက မိမိဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ စက်ရုံများအား သွားရောက်လေ့လာနိုင်ပါကြောင်း၊ လမ်းညွှန်မှာကြားပြီး ကြွေရည်စိမ်မီးဖိုချောင်သုံးနှင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း၊ Waste Water Treatment Unit တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စတီးလ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ United Pacific Co.,Ltd. MKATRI နှင့် A1 Zabusoe Co.,Ltd. တို့မှ ငှားရမ်းဆောင်ရွက်လျက်ရှိသည့် အမှတ် (၉) အထည်စက်ရုံခွဲ (အင်းစိန်) အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်တို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကုမ္ပဏီများအလိုက် မိမိတို့ဆောင်ရွက်လိုသည့်အစီအမံများကို စက်မှုလုပ်ငန်းမှတစ်ဆင့် ဝန်ကြီးဌာနသို့တင်ပြဆောင်ရွက်ရန်၊ စက်ရုံရှိပုံသေပိုင်ပစ္စည်းများအား ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် စက်ရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေ

***စာမျက်နှာ ၅ သို့-***

# စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအလုပ်ရုံ၏ စက်ပစ္စည်းကိရိယာများ အမြန်ဆုံးတပ်ဆင်စမ်းသပ်လည်ပတ်မှုပြီးစီးမှသာ သံစိမ်းထုတ်လုပ်မည့်လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်၍ လုပ်ငန်းများကို လျှင်လျှင်မြန်မြန်ဆောင်ရွက်ရန်လို

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း စက်ရုံ၌ ပြုပြင်တည်ဆောက်လျက်ရှိသည့် စက်ရုံ၏သမိုင်းပြတိုက် လုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ရောက်ရှိပြီး စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအလုပ်ရုံရှိ ရေနွေးငွေ့သုံးတာဘိုင်၊ ဂျင်နရေတာများကို ရုရှားကျွမ်းကျင်ပညာရှင်များ စစ်ဆေးနေမှု၊ စစ်ဆေးတွေ့ရှိချက်၊ တပ်ဆင်ပြီးစီးနေသည့် အခြားစက်ပစ္စည်းများ၏အခြေအနေများကိုစစ်ဆေး၍ ပြည်ထောင်စုဝန်ကြီးက ***စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအလုပ်ရုံ၏စက်ပစ္စည်းကိရိယာများ အမြန်ဆုံးတပ်ဆင်စမ်းသပ်လည်ပတ်မှု ပြီးစီးမှသာ သံစိမ်းထုတ်လုပ်မည့်လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်၍လုပ်ငန်းများကို လျှင်လျှင်မြန်မြန်ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် တပ်ဆင်လုပ်ငန်းများတွင်ပါဝင်၍ နည်းပညာများလွှဲပြောင်းရရှိအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။***(ပုံ)



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စက်ရုံ၌အလုပ်ရုံ ၂၂ ရုံရှိသည့်အနက် အလုပ်ရုံ ၁၉ ရုံအား No Load Test ဖြင့် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အောင်မြင်စွာ စမ်းသပ်လည်ပတ်ပြီးစီးခဲ့ကြောင်း၊ အဓိကအလုပ်ရုံသုံးရုံဖြစ်သည့် Romelt Shop, Heat Recovery Power Station နှင့် Air Separation Umit တို့အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလုပ်ရုံတစ်ရုံချင်းအလိုက် အဆင့်အလိုက်ဆောင်ရွက်မည့်နည်းစဉ်များကို ကျေညက်အောင်လေ့လာထားရမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်ပညာရှင်များထံမှလည်း နည်းပညာများရရှိအောင် လေ့လာသင်ယူနိုင်ရေးကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်သည့်လုပ်ငန်းများအတွက် မရှိမဖြစ်လို

***စာမျက်နှာ ၇ သို့-***

***စာမျက်နှာ ၄ မှ-***

ရေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ထို့ပြင်ဒုတိယဝန်ကြီးသည် သီရိစန္ဒာကုမ္ပဏီလီမိတက်မှငှားရမ်းထားသည့် ကုန်ထုတ်စက္ကူစက်ရုံ (အောင်ဆန်း) သို့ရောက်ရှိပြီး ***စက်ရုံအတွင်း အမျိုးသမီးဝတ်အထည်များ၊ လုပ်ငန်းသုံးယူနီဖောင်းများ ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်နေမှုများအား*** လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

***စာမျက်နှာ ၃ မှ-***

အဖြစ် စမ်းသပ်ပြေးဆွဲအသုံးပြုမည့် လျှပ်စစ်သုံးယာဉ်များဖြစ်သည်။ အများပြည်သူအသုံးပြုနိုင်ရေး လျှပ်စစ်သုံးတက္ကစီအဖြစ် Chin Dwin Shan Construction Co.,Ltd. မှ ရန်ကုန်လေဆိပ်တွင်အခြေပြု၍ တက္ကစီ ၁၀ စီး၊ NPK Motors Co.,Ltd. မှနေပြည်တော် သပြေကုန်းဈေးတွင်အခြေပြု၍ တက္ကစီ ၁၀ စီး ပြေးဆွဲကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး လုပ်ငန်းတာဝန်များကို မိသားစုစိတ်ဓာတ်ဖြင့်ဆောင်ရွက်နိုင်စေရန် စက်ရုံ၌တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများနှင့်ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်၊ အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်အားကောင်းစေရန်၊ နွေးထွေးသည့်ဆက်ဆံရေးစသည့် ကောင်းမွန်သည့် အလေ့အထကောင်းများဆက်လက်တိုးပွားစေရန်တို့အတွက် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ် (၈) အထည်စက်ရုံ (ပျော်ဘွယ်) တို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

စက်မှုလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သံမဏိများအား အမြန်ဆုံးထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများကို ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ Phase-1 ပြန်လည်စတင်ဆောင်ရွက်နိုင်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်နှင့်ကော်မတီအဖွဲ့ဝင်များလိုက်ပါလျက် စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်နေမှုနှင့် ***ဝန်မပါစမ်းသပ်လည်ပတ်နေမှု***တို့ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ***(ပုံ)***

ပြောင်းထားရှိနိုင်ရေးအတွက် အမိုးအကာများဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများပြုပြင်နေမှုတို့ကို မှတ်တမ်းထားရှိပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိအောင်ဆောင်ရွက်ရန်၊ သံရည်ကျိုအလုပ်ရုံတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် ဘေးအန္တရာယ်အကာအကွယ်ပြုဝတ်စုံများ ဝတ်ဆင်နိုင်ရေးစီမံဆောင်ရွက်ပေးရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှအလေးထားကြပ်မတ်ဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကကျသည့်စက်***များကို မိသားစုစိတ်ဓာတ်ဖြင့်စည်းစည်းလုံးလုံး အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်တို့အတွက် ဝန်ထမ်းများနှင့်နေ့လယ်စာအတူတကွ သုံးဆောင်သည်။***

ဆက်လက်၍ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူတို့က စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်အကောင်အထည်ဖော်ခဲ့သည့်အချိန်မှစ၍ ယနေ့အထိ စက်ရုံရှိ စက်ပစ္စည်းကိရိယာများအား စစ်ဆေးပြုပြင်ဆောင်ရွက်ထားရှိမှု၊ ဝန်မပါစမ်းသပ်လည်ပတ်မောင်းနှင်ခဲ့မှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ထားရှိမှုတို့ကို အသီးသီးရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် မရှိမဖြစ်သောစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်နေခြင်းဖြစ်၍





ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သံရည်ကျိုအလုပ်ရုံနှင့်အထောက်အကူပြုအလုပ်ရုံခွဲများရှိ စစ်ဆေးပြုပြင်ပြီးစီးသည့် စက်ပစ္စည်းကိရိယာများအား ဝန်မပါစမ်းသပ်မောင်းနှင်နေမှု၊ စက်ပစ္စည်းကိရိယာများအား စစ်ဆေးနေမှု၊ သံရည်ကျိုနိုင်ရေးအတွက် Scrap ကုန်ကြမ်းများ စုဆောင်းထားရှိမှု၊ အမိုးအကာပြင်ပတွင်ထားရှိသည့် စီမံကိန်းဆိုင်ရာစက်ပစ္စည်းကိရိယာများအား အမိုးအကာအောက် ရွှေ့

အရန်ပစ္စည်းများကိုလည်း ကြိုတင်ဖြည့်တင်းထားနိုင်ရေးစီမံဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် စီမံချက်များရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့်ထားရန်နှင့်မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများအား ပြည်စုံအောင်ဖြည့်ဆည်းထားရန် လမ်းညွှန်မှာကြားသည်။ ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ***ဝန်ထမ်းအဖွဲ့အစည်းအတွင်း အထက်အောက်အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုရှိစေရန် လုပ်ငန်းတာဝန်***

အောင်မြင်အောင်အလေးထားဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကိုလည်း ဖြည့်ဆည်းသွားရန်နှင့်လေ့ကျင့်သင်ကြားပေးနိုင်ရေး အစီအမံများရေးဆွဲဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံလာနိုင်သည့်မမျှော်မှန်းနိုင်သောကိစ္စရပ်များအတွက် လျင်မြန်စွာဖြေရှင်းတုံ့ပြန်နိုင်ရေးအတွက် ကြိုတင်မျှော်

***စာမျက်နှာ ၇ သို့-***

## မျက်နှာဖုံးမှ - စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ SMM ကုမ္ပဏီမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SMM ကုမ္ပဏီမှ အပြည်ပြည်ဆိုင်ရာစီမံကိန်းဌာနအကြီးအကဲ Mr. Roman Siurin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာနဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဆိပ်ကမ်းများ၊ သင်္ဘောတည်ဆောက်ရေးဂိတ်များ၊ သင်္ဘောကျင်းများနှင့်စက်မှုလုပ်ငန်းများတွင် ဝန်တင်ချရာ၌ အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ SMM ကုမ္ပဏီ၏ ထုတ်ကုန်များနှင့်ပတ်သက်၍လည်းကောင်း၊ စက်မှုဝန်ကြီးဌာနရှိ အကြီးစားစက်မှုလုပ်ငန်း (၄) ခုတွင် ရုရှားနိုင်ငံမှကုမ္ပဏီများ လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးအမြင်ချင်းဖလှယ်ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်နှင့်တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Corporation Rostec ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Vladimir Kazadaev တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

---

***စာမျက်နှာ ၆ မှ-***

တွေးစီမံဆောင်ရွက်ထားရန်၊ ရရှိသောဘဏ္ဍာရန်ပုံငွေများကိုလည်း လေလွင့်ဆုံးရှုံးမှုမရှိအောင် တာဝန်ရှိသူအဆင့်ဆင့်မှစနစ်တကျစိစစ်ကြပ်မတ်စီမံဆောင်ရွက်ရန်၊ အမိုးအကာပြင်ပတွင် ရောက်ရှိနေသည့်စက်ပစ္စည်းကိရိယာများကိုလည်း မိုးရာသီမတိုင်မီ အမိုးအကာအောက်သို့ရောက်ရှိအောင် ဆောင်ရွက်သွားရန်နှင့်တည်နေရာများကို မှတ်တမ်းထားရှိရန်၊ အမိုးအကာအောက်တွင် ရောက်ရှိပြီး စက်ပစ္စည်းကိရိယာများကိုလည်း ပျက်စီးဆုံးရှုံးမှုမရှိအောင် စနစ်တကျထားရှိဆောင်ရွက်ရန်၊ စက်မှုလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သံမဏိထုတ်လုပ်ရေးလုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးမှ ကျရာကဏ္ဍအသီးသီး၌ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့ရှိ အမှတ် (၈) အထည်စက်ရုံ (ပျော်ဘွယ်) သို့ရောက်ရှိပြီး ၂၄၀ ချည်များထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အထည်အလိပ်ရက်လုပ်ရာတွင် လိုအပ်သောချည်များအား ပိုမိုထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ရန်၊ ထုတ်လုပ်သည့်ချည်များ၏ ဆွဲဆန့်နိုင်မှုခံနိုင်အားကောင်းမွန်အောင်နှင့် ချည်လုံးညီညာမှုရှိစေရေး ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင် Check Point ထားရှိ၍ စစ်ဆေးရန်၊ ပူပြင်းခြောက်သွေ့သည့်နွေရာသီသို့ရောက်ရှိနေပြီဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်စေရေးနှင့် လျှပ်စစ်မီးအန္တရာယ်မဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

***စာမျက်နှာ ၅ မှ-***

အပ်သော သံစိမ်းကုန်ကြမ်းများကိုရရှိအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများအား ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအလုပ်ရုံရှိ စက်ပစ္စည်းများကို စစ်ဆေးလျက်ရှိသည့် ရုရှားနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့်တွေ့ဆုံ၍ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ပြန်လည်လည်ပတ်ရေးဆောင်ရွက်မှုများ၌ ဆောင်ရွက်ဆဲအလုပ်ရုံသုံးရုံအနက် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအလုပ်ရုံရှိ စက်ပစ္စည်းများတပ်ဆင်စမ်းသပ်ရန်အတွက် အမြန်ပြီးစီးအောင်ပူးပေါင်းဆောင်ရွက်ပေး၍ ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ရုရှားနိုင်ငံမှပညာရှင်များကို သစ်သီးခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ၌ စွန့်ပစ်အပူသုံး၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်အတွက် **ရေနွေးငွေ့တာဘိုင်၊ ဂျင်နရေတာနှစ်လုံးတပ်ဆင်ရန် ဆောင်ရွက်နေစဉ် စီမံကိန်းလုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့ရသဖြင့် လုပ်ငန်းများဆောင်ရွက်ရန်ကျန်ရှိနေခြင်းဖြစ်ပြီး** ယခုအခါ စီမံကိန်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေ၍ တာဘိုင်၊ ဂျင်နရေတာနှစ်လုံးအား အထိုင်ချတပ်ဆင်ခြင်းမပြုမီ ရုရှားပညာရှင်များမှလာရောက်စစ်ဆေးနေခြင်းဖြစ်သည်။ ရေနွေးငွေ့သုံးတာဘိုင်၊ ဂျင်နရေတာနှစ်လုံးမှ စုစုပေါင်း ၄၀ မဂ္ဂါဝပ်ထွက်ရှိမည်ဖြစ်ရာ စက်ရုံမှ ၃၂ မဂ္ဂါဝပ်ပြန်လည်အသုံးပြုပြီး ပိုလျှံမည့် ၈ မဂ္ဂါဝပ်ကို နိုင်ငံတော်လျှပ်စစ်ဓာတ်အားပေးစနစ်အတွင်းသို့ ပို့လွှတ်ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းမှထွက်ရှိသည့် သယံဇာတများကိုအသုံးပြု၍ ပြည်သူလူထုအတွက် လိုအပ်သောသံချောင်းလုံးများကို ထုတ်လုပ်နေခြင်းဖြစ်၍ စက်စွမ်းအားပြည့် စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမည်





စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ မြန်မာမန္တလေးဖူးရှင်းစတီးလ်စက်ရုံသို့ရောက်ရှိစစ်ဆေးရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ဥပဒေအရ စက်ရုံများမှတ်ပုံတင်ထုတ်ပေးခဲ့မှု၊ စက်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ***'ပြည်တွင်းရှိ သံမဏိစက်ရုံနှင့်သံစက်ရုံများမှာ အကြောင်းအမျိုးမျိုးကြောင့် စွမ်းအားပြည့် လည်ပတ်နိုင်မှုမရှိခြင်းကြောင့် ပြည်ပမှသံမဏိအများအပြားတင်သွင်းနေရသည့်အတွက် တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုမရှိစေရေး အမှတ် (၁) သံမဏိစက်ရုံ (ပင်းပက်) နှင့် အမှတ် (၂) သံမဏိစက်ရုံ (မြင်းခြံ) များအား ပြန်လည်လည်ပတ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်'*** နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှုပြုထားကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် သယံဇာတများကို အသုံးပြု၍ ပြည်သူလူထုအတွက် လိုအပ်သောသံချောင်းလုံးများကို ထုတ်လုပ်နေခြင်းဖြစ်၍ စက်စွမ်းအားပြည့်စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်သည့်စက်ရုံများကဲ့သို့ အခြားအရေးကြီးသည့် စက်ရုံများဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုမှတ်ပုံတင်လက်မှတ်များထုတ်ပေးလျက်ရှိကြောင်း၊ စက်မှုမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ခေတ်နှင့်အညီဖြေလျှော့သင့်သည့်ကိစ္စရပ်များကို ဖြေလျှော့ပေးသွားမည်ဖြစ်သော်လည်း မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှုမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပူးပေါင်းပါဝင်ပေးစေလိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စက်မှုလုပ်ငန်းဥပဒေနှင့်ပတ်သက်၍ ထပ်မံထည့်သွင်းလိုသည့်အချက်များနှင့် ပြင်ဆင်လိုသည့်အချက်များကို အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံအလုပ်ရုံများ စနစ်တကျနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီလျက်ရှိသဖြင့် စိုက်ပျိုးရေးအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံများ ဘေးအန္တရာယ်ကင်းရှင်းစွာလည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်စက်မှုဝန်ကြီးဌာန စက်မှု

***စာမျက်နှာ ၉ သို့-***

# ရခိုင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရန် မှာကြား

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ညနေပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဧည့်ရိပ်သာခန်းမ၌ ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့်အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။ *(ပုံ)*



ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရခိုင်ပြည်နယ် MSME အေဂျင်စီကို ဖွဲ့စည်းထားပြီးဖြစ်၍ အေဂျင်စီဥက္ကဋ္ဌကဦးဆောင်ပြီး ပြည်နယ်တွင်း အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရန်၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ MSME လုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ MSME လုပ်ငန်းများအား စနစ်တကျမှတ်ပုံတင်နိုင်ရေးဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကိုလည်း ဗဟိုအေဂျင်စီသို့တင်ပြဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က MSME လုပ်ငန်းများအတွက် လိုအပ်သောသတင်းအချက်အလက်များ လျင်မြန်စွာသိရှိနိုင်ရေးအတွက် MSME Web Portal ကို ရှင်းလင်းဆွေးနွေးသည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဖြူမြို့ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိရာ ခရိုင်ဦးစီးဌာနမှူးက ဝန်ထမ်းအင်အားအခြေအနေ၊ စက်မှုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့မှု အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသဖြင့် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးပြီး ရေရှည်ရပ်တည်နိုင်အောင် အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်ပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီသိရှိကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် လုပ်ငန်းခွင်အရောက် မပြေပြင်ကွင်းဆင်းဆောင်ရွက်ရန်၊ လုပ်ငန်းရှင်များ၏အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေးအတွက် ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များကိုလည်း မြင့်တင်ထားရန် လိုအပ်သလို ဝန်ထမ်းများကလည်း ကိုယ်ပိုင်အရည်အချင်းများ မြင့်တက်လာအောင် အစဉ်အမြဲလေ့လာသင်ယူသွားကြရန်မှာကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

***စာမျက်နှာ ၈ မှ-***

ကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ စက်ရုံအား ပုဂ္ဂလိကစက်မှုမှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ သံမဏိချောင်းများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ လုပ်သားများနှင့်ပတ်ဝန်းကျင်ရှိ ပြည်သူများ၏ကျန်းမာရေးထိခိုက်မှုမရှိစေရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု/ထိခိုက်မှုမရှိသော ကုန်ထုတ်လုပ်မှုများဖြစ်ပေါ်လာစေရန်၊ ရေရှည်တည်တံ့သောလုပ်ငန်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေကို ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင်လည်းကောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေပုဒ်မ ၄ အရ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး၍ ၁၉၉၁-၁၉၉၂ ခု ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းပေါင်း ၂၅,၁၉၂ ခုဖြင့် စတင်မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ အထိ အကြီးစားစက်မှုလုပ်ငန်း ၉,၅၁၂ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၁၁,၅၇၉ ခု၊ အငယ်စားစက်မှုလုပ်ငန်း ၂၄,၁၉၅ ခု စုစုပေါင်း ၄၅,၂၈၆ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ ရွှေမူယင်းငါးမွေးမြူရေးကန်သို့ ရောက်ရှိစစ်ဆေးစဉ် 'အခြားလိုအပ်သည့် ဗီတာမင်များအပါအဝင် တိရစ္ဆာန်ဆေးဝါးများရရှိရေးအတွက်လည်း ဆေးဝါးစက်ရုံများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်' လမ်းညွှန်မှုပြုထားသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ သုတေသနဌာနတွင် ငါးအစာတောင့်အတွင်း ထည့်သွင်းမည့်ဗီတာမင်နှင့်သတ္တုဓာတ်များပါဝင်သော အားဖြည့်အမှုန့် (Premix) များကို စမ်းသပ်သုတေသနပြုထုတ်လုပ်နေမှုတို့ကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မတ်လ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ***(ပုံ)***



ရှေးဦးစွာ သုတေသနဌာနအစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာက သုတေသနလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ငါးအစာတောင့်များထုတ်လုပ်နိုင်ရေးအတွက် ဗီတာမင်နှင့်သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်နမူနာအား ဓာတ်ခွဲစမ်းသပ်ခဲ့မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များနှင့်ပူးပေါင်း၍ စမ်းသပ်ထုတ်လုပ်ထားသည့် ငါးအစာတောင့်အား ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လှော်ကားငါးမွေးမြူရေးစခန်းတွင် ငါးမြစ်ချင်းသားပေါက်များနှင့် လက်တွေ့စမ်းသပ်သုတေသနပြုလုပ်မည့်အစီအစဉ်၊ အားဖြည့်အမှုန့်များကို စျေးကွက်သုတေသနပြုလုပ်ထားမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်နှင့် တိရစ္ဆာန်များအတွက် လိုအပ်သောဆေးဝါးများနှင့် အားဖြည့်အစာများထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ငါးများအတွက်လိုအပ်သော ဗီတာမင်နှင့်သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို လျင်လျင်မြန်မြန်ဆောင်ရွက်ရန်၊ မိမိတို့ထုတ်လုပ်သော အားဖြည့်အမှုန့်များသည် ငါးများအတွက်အမှန်တကယ်အကျိုးထိရောက်မှုရှိ/မရှိကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှလည်း သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်၍ ကြိုတင်ညှိနှိုင်းထားရန်၊ သုတေသနလုပ်ငန်းများအောင်မြင်ပါက စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊ အခြားမွေးမြူရေးတိရစ္ဆာန်များအတွက် ဗီတာမင်ဓာတ်ပါဝင်သော အားဖြည့်အစားအစာများ ထုတ်လုပ်နိုင်ရေးအတွက်လည်း သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်၊ ပြည်တွင်း၌ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိ၍ ပြည်သူတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ပြည်တွင်းစားသုံးမှုကိုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်သဖြင့် သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ သုတေသနဌာနအနေဖြင့် ပြည်သူလူထုအတွက် လိုအပ်သောဆေးဝါးများကို ပိုမိုထုတ်လုပ်ပေးနိုင်ရေးအတွက် ဝန်ထမ်းများ၏စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်နိုင်ရေး စီမံချက်များရေးဆွဲဆောင်ရွက်ရန်၊ ဆေးဝါးစက်ရုံ (အင်းစိန်) တွင် ဆေးဝါးအမယ်ပေါင်း ၂၀၀ ကျော်ထုတ်လုပ်လျက်ရှိပြီး ယခုထက်ဆေးဝါးအမယ်များ ထပ်မံထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ သုတေသနလုပ်ငန်းများသည် ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် လုပ်ငန်းများဖြစ်၍ စိတ်ပါဝင်စားစွာဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန်၊ ဘဏ္ဍာရေးနှစ်တစ်ခုအတွင်း သုတေသနပြုလုပ်မည့်အခြေအနေများကို အစီအမံများရေးဆွဲဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး ငါးများအတွက်လိုအပ်သော ဗီတာမင်နှင့်သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်များ စမ်းသပ်နေသည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံများ

***စာမျက်နှာ ၁၁ သို့-***

***စာမျက်နှာ ၁၀ မှ-***

မှ ဗီတာမင်နှင့်သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်အား နှစ်စဉ်ပျမ်းမျှတန်ချိန် ၁၅၀ ခန့် တင်သွင်းလျက်ရှိပြီး စက်မှုဝန်ကြီးဌာနအနေဖြင့် သုတေသနပြုလုပ်စမ်းသပ်နေသော ဗီတာမင်နှင့်သတ္တုဓာတ်များပါဝင်သော အားဖြည့်အမှုန့်အား အောင်မြင်စွာ ထုတ်လုပ်နိုင်ပါက ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်၍ နိုင်ငံခြားငွေအသုံးပြုရမှုသက်သာစေသည့် 'သွင်းကုန်အစားထိုး' ထုတ်လုပ်မှုလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ၎င်းများအတွက် လိုအပ်သောဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် အားဖြည့်အမှုန့်များ စမ်းသပ်နေသည့်လုပ်ငန်းစဉ်များကို အောက်တိုဘာလတွင် ပြီးစီးအောင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

မြန်မာ့ဆေးဝါးလုပ်ငန်း၊ သုတေသနဌာနအား ၁၉၉၀ ပြည့်နှစ်တွင် ဂျပန်-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် JICA ၏ကူညီပံ့ပိုးမှုဖြင့် ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးအတွက် စီမံကိန်းကိုစတင်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် လုပ်ငန်းစတင်ခဲ့ပါသည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဂျပန်ပညာရှင်များမှ လာရောက်လေ့ကျင့်သင်ကြားပေးခြင်း၊ ဂျပန်နိုင်ငံသို့ ပညာသင်စေလွှတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနနှင့် ပေါင်းစည်းခဲ့ပါသည်။

၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း Vitamin ဆေးပြား၊ HIV ကုသဆေးနှင့် ကင်ဆာရောဂါကုသဆေး၊ တိုင်းရင်းဆေးအနေဖြင့် ဆေးခါးကြီးနှင့်ဗီတာမင်စီအတွက် ဇီးဖြူသီးမှ ဆေးထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြုလျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် ဘေးထွက်ဆိုးကျိုးလျော့နည်းစေပြီး ပိုမိုထိရောက်သော ဆီးချိုပျောက်ဆေး (Metformin + Sitagliptin Tablet) ကို ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း MSMEs လုပ်ငန်းရှင်များ FDA လိုင်စင်ရရှိရေးအတွက် ၎င်းတို့၏ထုတ်ကုန်များကို စားသောက်ကုန်ဓာတုဓာတ်ခွဲခန်းတွင် စားသောက်ကုန်စမ်းသပ်ချက် ၂၈ မျိုးနှင့်အဏုဇီဝဓာတ်ခွဲစမ်းသပ်ချက် ၄ မျိုးတို့ကို ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး စက်ရုံသမိုင်းပြခန်းတည်ဆောက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့်တည်ဆောက်ပြီးစီးမှုအခြေအနေများကို Third Party ဖြင့် စစ်ဆေးရန်လမ်းညွှန်မှာကြားသည်။ ***(ပုံ)***





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့်တွေ့ဆုံပြီး ပြည်သူလူထုအား တတ်မြောက်ထားသည့်ပညာရပ်များဖြင့် အကျိုးပြုနိုင်ရေးဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကိုအစီအမံများချမှတ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် အများပြည်သူများအားကိုးရသည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်အောင် ပြုမူနေထိုင်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီသည် လျှပ်စစ်သုံးယာဉ်အမျိုးမျိုးရှိ ဘက်ထရီထုတ်လုပ်မှုနည်းစနစ်နှင့် ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများ စနစ်တကျဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

လျှပ်စစ်သုံးယာဉ်များ တွင်ကျယ်စွာအသုံးပြုလာသည်နှင့်အမျှ သက်တမ်းကုန်/ပျက်စီးဘက်ထရီများကို စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် Battery Waste Management and Recycling for Electric Vehicles and Sustainable Renewable Energy ခေါင်းစဉ်ဖြင့် အသိပညာမျှဝေခြင်း အခမ်းအနားကို မတ်လ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ကျင်းပသည်။ (ပုံ)

ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီ ၅ ခု အနေဖြင့် ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီသည် လျှပ်စစ်သုံးယာဉ်အမျိုးမျိုးရှိ ဘက်ထရီထုတ်လုပ်မှုနည်းစနစ်နှင့် ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မူဝါဒများရေးဆွဲချမှတ်နိုင်ရေး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင် Lithium Battery Waste Management လုပ်ငန်းစဉ်များ၊ တည်ဆဲသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ Lithium Battery Waste Management System မူဝါဒရေးဆွဲရေးကိစ္စရပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်စပ်လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အခမ်းအနားသို့ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လျှပ်စစ်သုံးယာဉ်များကိုတင်သွင်း၍ အသုံးပြုလျက်ရှိသည့်ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒ၊ စံချိန်စံညွှန်းနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရေး လုပ်ငန်းကော်မတီ ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်သုံးယာဉ်များတွင် အသုံးပြုသည့် Battery များကို စွန့်ပစ်ရာ၌ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်နိုင်ရန်အတွက် Lithium Battery Waste Management System သည် အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်လာကြောင်း၊ Recycling Process အသုံးပြုရန် အသုံးဝင်သည့် Metals & Materials များကို တည်ဆဲသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွဲခြားထုတ်ယူနိုင်ရန်လည်း အရေးကြီးကြောင်း၊ လျှပ်စစ်သုံးယာဉ်ကဏ္ဍနှင့်အတူ

ဆက်လက်၍ Proven Technology Industry Co.,Ltd. ၏အုပ်ချုပ်မှုဒါရိုက်တာက Lithium Battery Waste Mangement System နှင့်ပတ်သက်ပြီး အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များနှင့် မရှင်းလင်းသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးပြီး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်း၌ သံမဏိထုတ်လုပ်ရာတွင် စံချိန်စံညွှန်းများပြည့်မီရန်လိုအပ်သလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရမည်

သံနှင့် သံမဏိလုပ်ငန်းများဖွံ့ဖြိုးရေး အတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်းသည် မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီး အလုံမြို့နယ်ရှိ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပ သည့် South East Asia Iron and Steel Institute Travelling Seminar,2023 အခမ်း အနားသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ *(ပုံ)*




ဦးစွာပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံစီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ စသည့်အဓိကကျသော အခန်းကဏ္ဍ (၃) ရပ်ရှိပြီး မဟာဗျူဟာမြောက်စီးပွားရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်လျှင် သံနှင့်သံမဏိထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးရေးသည် အလွန်အရေးပါကြောင်း၊ ***နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို လူတစ်ဦးချင်းစီ၏ သံ၊ သံမဏိသုံးစွဲမှုပမာဏအပေါ် မူတည်၍လည်း တိုင်းတာဖော်ပြလေ့ရှိကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသည် ကမ္ဘာပေါ်တွင် သံမဏိထုတ်လုပ်မှု၏ ၅၀ %၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ၁၆ %၊ စက်ပစ္စည်းများအတွက် ၁၄ %၊ သတ္တုထုတ်ကုန်များအတွက် ၁၄ %၊ မီးဖိုချောင်သုံးပစ္စည်းပရိဘောဂ၊ လျှပ်စစ်ပစ္စည်းများအတွက် ၆ % အသုံးပြုနေသည့်အတွက်*** သံမဏိသည် လူသားတို့ဘဝရှင်သန်တိုးတက်ရေးအတွက် အခြေခံအကျဆုံးပစ္စည်းအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ သံမဏိသည်ရာခိုင်နှုန်း ၁၀၀ ပြည်လည်အသုံးပြုရသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်ကြောင်း၊ သံမဏိသည် တခြားမည်သည့်သတ္တုနှင့်မျှ မတူညီသည့်ထူးခြားဆန်းပြားသောအရည်သွေးများနှင့်ပြည့်စုံနေသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် သံမဏိလိုအပ်ချက်သည် ဆက်တိုက်မြင့်မားလျက်ရှိကြောင်း၊ ***မြန်မာနိုင်ငံတွင် နှစ်စဉ်သံမဏိတန်ချိန် ၃ သန်းခန့် အသုံးပြုနေကြောင်း၊ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကသံမဏိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ပါက တစ်နှစ်လျှင် သံမဏိတန်ချိန် ၁ သန်းခန့်သာထုတ်လုပ်နိုင်ပြီး လိုအပ်သောသံမဏိတန်ချိန် ၂ သန်းခန့်အား ပြည်ပမှတင်သွင်းနေရကြောင်း၊*** မိမိတို့နိုင်ငံတွင် သံနှင့်သံမဏိထုတ်လုပ်ရန် သံသတ္တုရိုင်းသိုက်နှင့် ကျောက်မီးသွေးများ အထိုက်အလျောက်ရှိ၍ သယံဇာတများနှင့်ကိုက်ညီသည့် နည်းပညာများကိုအသုံးချပြီး သံရိုင်းမှသံမဏိအဖြစ်သို့လည်းကောင်း၊ သံတိုသံစများမှ အဆင့်မြင့်သံမဏိအဖြစ်လည်းကောင်း၊ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီကျော်လွန်အောင်ထုတ်လုပ်နိုင်ပါက ပြည်ပ မှဝယ်ယူတင်သွင်းရမှုကိုလျှော့ချနိုင်မည်ဖြစ်၍ နိုင်ငံခြားငွေအသုံး ပြုရမှုမှ သက်သာစေမည်ဖြစ်သဖြင့် နိုင်ငံတော်၏စီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ သံမဏိထုတ်လုပ်ရာတွင် စံချိန်စံညွှန်းများပြည့်မီရန်လိုအပ်သလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာစံချိန်စံညွှန်း ၁၂ ခုကိုလည်း သတ်မှတ်ရေးဆွဲထုတ်ပြန်ပြီးဖြစ်ကြောင်း၊ သံ၊ သံမဏိနှင့်ပတ်သက်၍ လိုအပ်သည့်စံချိန်စံညွှန်းများကိုလည်း ထပ်မံရေးဆွဲလျက်ရှိကြောင်း၊ သံမဏိထုတ်လုပ်ရာတွင် သံသတ္တုရိုင်းများကိုသန့်စင်ကျိုချက်ရာမှထွက်ရှိလာသည့် ဓာတ်ငွေ့နှင့် စွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိခိုက်မှုမရှိအောင် သံမဏိလုပ်ငန်းရှင်များအားလုံးက ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများရှိ သံမဏိလုပ်ငန်းရှင်များသည် ရင်းနှီးမြှုပ်နှံမှု၏ ၁၅ % ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် အသုံးပြုလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများအစဉ်ထာဝရရှင်သန်ရပ်တည်နိုင်ရေးနှင့် တိုးတက်ဖြစ်ထွန်းအောင်မြင်စေရေးတို့အတွက် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း

***စာမျက်နှာ ၁၄ သို့-***

*စာမျက်နှာ ၁၃ မှ-*

ဆောင်ရွက်ခြင်းမပြုဘဲ အမြော်အမြင်ကြီးစွာ မိမိတို့၏အရင်းအမြစ်အသီးသီးကို စုပေါင်းလျက် နိုင်ငံတကာနှင့်ရင်ပေါင်တန်း၍ သံနှင့်သံမဏိကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေး နည်းပညာရှင်၊ အတတ်ပညာရှင်၊ လုပ်ငန်းရှင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်းပြောကြားသည်။

တက်ရောက်လာသူများက မြန်မာနိုင်ငံတွင် သံနှင့်သံမဏိကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရှိ သံသတ္တုရိုင်းထွက်ရှိရာဒေသများနှင့် အသုံးပြုနိုင်သည့် သံနှင့်သံမဏိထုတ်လုပ်သည့်နည်းစဉ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သစ်/ဝါးပေါက်ရောက်မှုအခြေအနေများအပေါ်မူတည်၍ ပျော့ဖတ်စက်ရုံများ တည်ထောင်နိုင်ရေးတို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မတ်လ ၁၆ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုအချိန်တွင် မြန်မာနိုင်ငံ၏သံနှင့်သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံပိုင်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်ရုံတစ်ရုံ၊ စက်မှုဝန်ကြီးဌာနတွင် စက်ရုံနှစ်ရုံနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတွင် စက်ရုံသုံးရုံရှိကြောင်း၊ ပုဂ္ဂလိကအနေဖြင့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပြုလုပ်ထားသည့် သံရည်ကျိုလုပ်ငန်းပေါင်း ၃၆၂ ခုတို့ဖြင့် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး သံနှင့်သံမဏိထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ ၏အားပေးဆောင်ရွက်ပေးမှုဖြင့် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ရှိ သံရည်ကျိုအလုပ်ရုံ (Melt Shop-1) ကို ယခုလအတွင်းပြန်လည်လည်ပတ်၍ သံမဏိလေးထောင့်တုံး (Steel Billet) ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) တွင် သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ***နှစ်စဉ်သံမဏိတန်ချိန် သုံးသန်းခန့်လိုအပ်သော်လည်း ပြည်တွင်း၍ တစ်နှစ်လျှင် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်သည့်အတွက် သံမဏိတန်ချိန် နှစ်သန်းခန့်ကို ပြည်ပမှနိုင်ငံခြားငွေ ၁ ဘီလီယံကျော်ခန့်သုံးစွဲ၍ တင်သွင်းနေရကြောင်း၊*** ထို့ကြောင့် သံနှင့်သံမဏိထုတ်လုပ်သည့်နည်းစဉ်များနှင့်ပတ်သက်၍ လေ့လာသိရှိထားသည်များကို အကြံပြုဆွေးနွေးပေးပါရန် ဖိတ်ခေါ်ကြောင်း၊ ပျော့ဖတ်စက်ရုံများ တည်ထောင်နိုင်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သစ်/ ဝါးပေါက်ရောက်မှု အခြေအနေပေါ်မူတည်ပြီး ပျော့ဖတ်စက်ရုံများကို ဝါး/သစ်ကုန်ကြမ်းများ လွယ်လွယ်ကူကူနှင့် သယ်ယူထုတ်လုပ်နိုင်သည့်နေရာများ၊ ရေအရင်းအမြစ်အလွယ်တကူရရှိနိုင်မည့်နေရာများတွင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ စက်ရုံမှထွက်ရှိမည့် စွန့်ပစ်ရေများကို သန့်စင်ပြီး စနစ်တကျပြန်လည်စွန့်ထုတ်ရန်လိုအပ်သည့်အတွက် စက်ရုံတည်ဆောက်ရန် မြေနေရာရွေးချယ်မှုသည် အရေးကြီးကြောင်း၊ လိုအပ်သည့်ကုန်ကြမ်းများရရှိနိုင်ရေး လွယ်ကူလက်လှမ်းမီသည့်နေရာများနှင့်ရေ၊ လျှပ်စစ်ဓာတ်အား၊ လောင်စာအရင်းအမြစ်များရရှိနိုင်ရန် လွယ်ကူသည့်နေရာများတွင်ရွေးချယ်ပြီး ပျော့ဖတ်စက်ရုံများတည်ထောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီက စက္ကူစက်ရုံနှင့်ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် စာရင်းကောက်ယူထားသည့် ဝါးထွက်ရှိမှု ဧရိယာဧကအနေဖြင့် ၆၉.၆ သန်းရှိကြောင်း၊ တစ်နှစ်လျှင် ဝါးအလုံးရေ ၂၆၅ သန်းထုတ်လုပ်နိုင်မည် ဖြစ်သော်လည်း ၁၃၅ သန်းလုံးသာ ထုတ်လုပ်သုံးစွဲနေသည်ကို တွေ့ရှိရကြောင်း၊ ဝါးပေါက်ရောက်မှုဧရိယာစာရင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်မှုမရှိသေးသဖြင့် ဝါးအလုံးရေ ၂၆၅ သန်းထက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် တင်ဒါစနစ်ဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်နိုင်ရန် တောနိမ့်၊ တောပါးဧရိယာ ၃.၆၅ သန်း ဧကရှိသည့်အတွက် စက္ကူစက်ရုံများ တည်ဆောက်နိုင်ရန်အတွက် ကုန်ကြမ်းများလုံလောက်မှုရှိကြောင်း၊ စိုက်ခင်းများတည်ထောင်စိုက်ပျိုးရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သံမဏိစက်ရုံများ တည်ဆောက်နိုင်ရေးနှင့် စက္ကူနှင့်ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန၏လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံရှိ သံသတ္တုရိုင်းထွက်ရှိရာဒေသများ၊ အသုံးပြုနိုင်သည့် သံနှင့်သံမဏိထုတ်လုပ်သည့်နည်းစဉ်များနှင့်သံမဏိစက်ရုံများ တည်ထောင်ဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရန်အတွက် အခြေခံလိုအပ်သောကုန်ကြမ်းများ၊ အရင်းအမြစ်များကိုလည်းကောင်း၊ ဌာနဆိုင်ရာအရာရှိကြီးများက သံမဏိစက်ရုံ၊ စက္ကူနှင့်ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် သစ်တောသယံဇာတနှင့်တွင်းထွက်သယံဇာတများထွက်ရှိမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

***ကျောဖုံးမှ -***

ရှိနေမည်ဖြစ်ကြောင်း၊ မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်၍ မြေအောက်သယံဇာတများသည် သစ်တောသစ်ပင်များကဲ့သို့ ပြန်လည်စိုက်ပျိုး၍ရရှိနိုင်သည်မဟုတ်ဘဲ နှစ်ပေါင်းများစွာကြာမြင့်မှသာလျှင် သဘာဝအလျောက်ဖြစ်တည်လာနိုင်သည်ဖြစ်သည့်အတွက် နိုင်ငံအတွက်အကျိုးရှိသည့်နေရာများတွင်သာ အသုံးချရန်နှင့်ထုတ်ယူသုံးစွဲမှုများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ***မိမိတို့နိုင်ငံ၏မြေပေါ်မြေအောက် သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူနိုင်ငံသားတို့၏ လက်ဝယ်တွင်သာ ရှိရမည်ဖြစ်ပြီး*** တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည်ဟူသည့် စိတ်နှင့်ယုံကြည်မှုကိုတည်ဆောက်နိုင်ရမည်ဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကိုအားကိုးရန်လိုအပ်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ***တိုင်းပြည်အတွက် ရေရှည်အကျိုးကိုကြည့်၍ လူသားအရင်းအမြစ်ကောင်းများကို ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊*** နိုင်ငံတော်အနေဖြင့် လုပ်ငန်းများအောင်မြင်စေရေး မူဝါဒများကို ချမှတ်ပေးမည်ဖြစ်ပြီး အမှန်တကယ်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်မှာ ဝန်ကြီးဌာနများ၏တာဝန်သာဖြစ်ကြောင်း၊ ***စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုများကို ဆောင်ရွက်ရာတွင် စနစ်တကျနှင့်ပီပီပြင်ပြင်ဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ရေရှည်ကိုကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာ့ပထမဆုံး သံရည်ကျိုနည်းစဉ် Ro-melt ကိုအသုံးပြုထားသဖြင့် အလုပ်ရုံများ၏ထုတ်လုပ်မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ပြုလုပ်နိုင်ရေးနှင့် အလုပ်ရုံများအချင်းချင်းချိတ်ဆက်၍ ထုတ်လုပ်မှုဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များအလိုက် စနစ်တကျနှင့်အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊*** လုပ်ငန်းဆောင်ရွက်မှုနှင့်အရည်အသွေးစစ်ဆေးမှုများကို Third Party ဖြင့် စစ်ဆေးမှုများနှင့်မှတ်တမ်းထားရှိမှုများ ပြုလုပ်ထားရှိရန်လိုကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်းလှည့်လည်၍ သံသတ္တုရိုင်းပြုပြင်ရေးအလုပ်ရုံ၊ ကုန်ကြမ်းသိုလှောင်ဖြန့်ဖြူးရေးအလုပ်ရုံ၊ စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ၊ သံရည်ကျိုအလုပ်ရုံ၊ သံစိမ်းတုံးပုံလောင်းအလုပ်ရုံ၊ သံစိမ်းတုံးသိုလှောင်သည့်နေရာ၊ ဖိအားမြင့်လေထုတ်အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport (TPE) နှင့်မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စက်မှုဝန်ကြီးဌာနသို့လွှဲပြောင်း၍ ဆက်လက်အကောင်အထည်ဖော်ခဲ့ကြောင်း၊ စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများကို ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လာရောက်စစ်ဆေးစဉ် ပြည်တွင်းသံမဏိလိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများအား အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း လမ်းညွှန်မှာကြားချက်များအရ အောက်တိုဘာလ ၄ ရက်နေ့တွင် ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ စီမံကိန်းရှိအလုပ်ရုံ ၂၂ ရုံအနက် ၁၉ ရုံကို ဝန်မပါစမ်းသပ်လည်ပတ်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

မျက်နှာဖုံးမှ -

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ မတ်လ ၈ ရက်နေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသ၊ ပင်ငိုကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာစက်ရုံရှင်းလင်းဆောင်တွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ်အတွင်း လာရောက်စစ်ဆေးစဉ်လမ်းညွှန်မှာကြားချက်အရ စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုများ ရပ်တန့်ထားသည့်အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၄ ရက်နေ့တွင် ပြန်လည်စတင်ဆောင်ရွက်ခဲ့မှု၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းဖြစ်ပေါ်လာပုံနှင့် စီမံကိန်းပြန်လည်လည်ပတ်နိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုများနှင့် ချွတ်ယွင်းချက်များဖြစ်ပေါ်နေသည့် အစိတ်အပိုင်းများကို ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ စစ်ဆေးရေးအဖွဲ့တို့မှ စနစ်ကျနမှုရှိစေရေး စစ်ဆေးဆောင်ရွက်ခဲ့မှုနှင့်စီမံကိန်းအကောင်အထည်ဖော်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhprom-export (TPE) မှ Process Engineer များဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ အလုပ်ရုံအသီးသီးရှိ စက်ကိရိယာများအား စစ်ဆေးခဲ့မှု၊ ပြုပြင်ရန်လိုအပ်သည်များ၊ အစားထိုးလဲလှယ်ရန်လိုအပ်သည့် စက်ကိရိယာများကို ပြုပြင်ခြင်းများနှင့် မှာယူတပ်ဆင်ခြင်းများဆောင်ရွက်လျက်ရှိမှု၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းအတွက် လိုအပ်မည့်သံရိုင်းသတ္တုနှင့် စက်မှုကုန်ကြမ်းတွင်းထွက်သတ္တုများ ထုတ်ယူရရှိနိုင်မှုပမာဏနှင့်ခွင့်ပြုပေးထားသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **နိုင်ငံတော်တည်ဆောက်ရေးတွင် သံမဏိသည်မဖြစ်မနေ လိုအပ်သည့်ပစ္စည်းဖြစ်ပြီး ပြည်တွင်းသံမဏိလိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများအား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊** နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် သံ၊ သံမဏိထုတ်ကုန်များကို ပြည်ပသွင်းကုန်အဖြစ် တင်သွင်းရန်မလိုဘဲ ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ခိုင်မာသည့်ဈေးကွက်ရှိခြင်းတို့ကြောင့် မဖြစ်မနေအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့်စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ **ယခုစီမံကိန်းကို ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများကြားမှ အကောင်အထည်ဖော်ဆောင်ခဲ့ခြင်းဖြစ်သော်လည်း စီမံကိန်းအပေါ် နားလည်မှုနှင့် မဟာဗျူဟာမြောက်အမြင်မရှိဘဲ စီမံကိန်းကို ၂၀၁၇ ခုနှစ်တွင် ရပ်ဆိုင်းခဲ့၍ နိုင်ငံတော်အတွက်များစွာ နစ်နာခဲ့ရကြောင်း၊** ခေတ်မီနိုင်ငံတစ်ခု တည်ဆောက်ရေးအတွက် သံမဏိလိုအပ်ချက်သည် မလွဲမသွေ

စာမျက်နှာ ၁၅ သို့-